# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်ကောင်စီ

# ၁၉၈၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ

**[၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၃]**

**ရန်ကုန်မြို့၊ ၁၃၄၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်**

**( ၁၉၈၈ ခုနှစ်၊ မတ်လ ၂၂ ရက်)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် ပဉ္စမလေးနှစ်စီမံကိန်း လမ်းညွှန်မှုများတွင်ပါရှိသည့် ရည်မှန်းချက်များနှင့် ပဉ္စမလေးနှစ်စီမံကိန်း (၁၉၈၆-၈၇ မှ ၁၉၈၉-၉၀) ၏ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၈-၈၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ အစည်းအဝေးက အတည်ပြုပေးခဲ့သော ပဉ္စမလေး နှစ်စီမံကိန်း ရည်းမှန်းချက်များနှင့်အညီ ရေးဆွဲထားသည့် ပဉ္စမလေးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၈-၈၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက် အကောင်အထည် ဖော်ကြရမည်။

(ပုံ) စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၄၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်။
(၁၉၈၈ ခုနှစ်၊ မတ်လ ၂၂ ရက်။)

အမိန့်အရ
(ပုံ) ကျော်ဝင်း
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်ကောင်စီရုံး
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား ၁၉၈၈-၈၉ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည် မှန်းချက်များ

Myanmar Law Information System (MLIS)